**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၁၂ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက် )

**ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး အခြားနိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် အခြားနိုင်ငံသားအဖြစ်ခံယူထားခြင်း မရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသားအဖြစ်မှဆုံးရှုံးသွားသည့် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပါရန် လျှောက်ထားလာမှုများအား မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်တင်ပြရန် **“ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသား အဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီစိစစ်ခြင်း၊

(ခ) ပြည်ပနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခံယူနေထိုင်သောမြန်မာနိုင်ငံသားဟောင်းများနှင့် အမည်မည်းစာရင်းဝင် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို ကိစ္စတစ်ခုချင်းအလိုက် စိစစ်ထောက်ခံတင်ပြရန်သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားမပြနိုင်သည့် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နိုင်ငံသားစိစစ်အတည်ပြုချက်၊ ၎င်း၏ပြည်ပတွင်နေထိုင်မှုအခြေအနေနှင့် ပြစ်မှုကင်းရှင်းသူ ဟုတ် မဟုတ်တို့ကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ကိစ္စတစ်ခုချင်းအလိုက် စိစစ်ထောက်ခံတင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုကြောင်း ထောက်ခံသင့်သည်ဟု ဆုံးဖြတ်ခြင်းခံရသည့် မြန်မာနိုင်ငံသားဟောင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း၊

(င) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုကြောင်း ထောက်ခံတင်ပြထားသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီက မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ညွှန်ကြားခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၄ - ၁၀ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀ / ၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ